# ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့ဥပဒေ

[၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၁၄။]

## နိဒါန်း

ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့၊ ဗဟို၊ ပြည်နယ်နှင့် တိုင်းဥပဒေဝန်ထမ်းများ၊ မြို့နယ်ဥပဒေဝန်ထမ်းများ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပြဋ္ဌာန်းရန်လိုအပ်သောကြောင့် ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) **လွှတ်တော်** ဆိုသည်မှာ ပြည်သူ့လွှတ်တော်ကိုဆိုသည်၊

(ခ) **ဥပဒေရုံး** ဆိုသည်မှာ ဗဟိုဥပဒေရုံး၊ ပြည်နယ် ဥပဒေရုံး၊ တိုင်း ဥပဒေရုံး၊ မြို့နယ်ဥပဒေရုံးများကိုဆိုသည်၊

(ဂ) **ဗဟိုတရားစီရင်ရေးအဖွဲ့** ဆိုသည်မှာ ပြည်သူ့ တရားသူကြီးအဖွဲ့က ဖွဲ့စည်းသည့် တရားစီရင်ရေးအဖွဲ့ကိုဆိုသည်၊

(ဃ) **ဒေသဆိုင်ရာ တရားစီရင်ရေးအဖွဲ့** ဆိုသည်မှာ ပြည်နယ်၊ တိုင်း၊ မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့က ဖွဲ့စည်းသည့် တရားစီရင်ရေးအဖွဲ့ကိုဆိုသည်၊

(င) **အယူခံမှု** ဆိုသည်မှာ တရားစီရင်ရေးအဖွဲ့တဖွဲ့က ချမှတ်လိုက်သော စီရင်ချက်၊ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်၍ အဆင့်မြင့်သော တရားသူကြီးအဖွဲ့အသီးသီးသို့ ဥပဒေနှင့်အညီ အယူခံသောအမှုကိုဆိုသည်၊

(စ) **ပြင်ဆင်မှု** ဆိုသည်မှာ တရားစီရင်ရေးအဖွဲ့တဖွဲ့က ချမှတ်လိုက်သောစီရင်ချက်၊ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုအဆင့်မြင့်သော တရားသူကြီး အဖွဲ့ အသီးသီးက ဤဥပဒေနှင့် အခြားရှိရင်းစွဲ ဥပဒေနှင့်အညီ ပြန်လည်စိစစ်ရန်, ဖွင့်လှစ်သော အမှုကိုဆိုသည်၊

(ဆ) **စောဒကမှု** ဆိုသည်မှာ ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့က ဗဟို တရားစီရင်ရေးအဖွဲ့၏ စီရင်ချက်၊ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ပြည်သူ့ တရားသူကြီးအဖွဲ့သို့ ဥပဒေရေးရာ ပြဿနာနှင့် စပ်လျဉ်း၍ တင်သွင်းသောအမှုကိုဆိုသည်။

# အခန်း (၂)

## ဖွဲ့စည်းခြင်းနှင့်ရည်ရွယ်ချက်

၃။ (က) ပြည်သူ့ ဥပဒေ အကျိုးဆောင် အဖွဲ့ကို အခြေခံဥပဒေ ပုဒ်မ ၁၁၁ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ရွေးချယ်တင်မြှောက်ဖွဲ့စည်းရမည်၊

(ခ) ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့၏ သက်တမ်းသည်လွှတ်တော်၏ သက်တမ်းနှင့် အညီဖြစ်သည်။ ပြည်သူ့ ဥပဒေအကျိုးဆောင် အဖွဲ့သည် လွှတ်တော် သက်တမ်း ကုန်ဆုံးသည့်အခါ ပြည်သူ့ ဥပဒေအကျိုးဆောင်အဖွဲ့အသစ် ရွေးချယ်တင်မြှောက် ပြီးသည် အထိ လုပ်ငန်းတာဝန်များကိုထမ်းဆောင်ရမည်။

၄။ ပြည်သူ့ ဥပဒေအကျိုးဆောင်အဖွဲ့ကို အောက်ပါရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားရှိသည်—

(က) နိုင်ငံတော်၏ ဆိုရှယ်လစ်စနစ်ကို အထောက်အကူပြုသည့် ဥပဒေ အကြံဉာဏ်များပေးရန်၊

(ခ) လုပ်သားပြည်သူများသည် အခြေခံဥပဒေပါ ရပိုင်ခွင့်နှင့် အခွင့် အရေးများကို အပြည့်အဝ ခံစားနိုင်စေရေးတွက် ဥပဒေကြောင်း အရ ကာကွယ်စောင့်ရှောက်ရန်၊

(ဂ) နိုင်ငံတော်ကောင်စီနှင့် ဝန်ကြီးအဖွဲ့အား ဥပဒေ အကြံဉာဏ် ပေးရန်၊

(ဃ) ပြည်သူ့တရားသူကြီးအဖွဲ့နှင့် ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့က ဥပဒေအကြံဉာဏ် တောင်းခံလာလျှင် ဥပဒေအကြံဉာဏ်ပေးရန်၊

(င) တရားစီရင်ရေး အဖွဲ့များ၏ စီရင်ချက်၊ အမိန့်၊ ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ချက်များသည် ဥပဒေနှင့် ညီညွတ်မှုရှိ မရှိစိစစ်ရန်၊

(စ) အဆင့်ဆင့်သော ဥပဒေရုံးနှင့် ဥပဒေဝန်ထမ်းများကို ကြီးကြပ် ကွပ်ကဲရန်နှင့် လမ်းညွှန်မှုပေးရန်၊

(ဆ) ဗဟို အာဏာပိုင်အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့ အစည်းများနှင့် ဝန်ထမ်းအဖွဲ့အစည်းများ၏ အမိန့်၊ ညွှန်ကြား ချက်၊ ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ချက်များသည် ဥပဒေနှင့် ညီညွတ်မှုရှိ မရှိ သုံးသပ်စိစစ်ရန်၊

(ဇ) နိုင်ငံတော်ကောင်စီက သတ်မှတ်ပေးသည့် တာဝန်များကို ထမ်း ဆောင်ရန်။

# အခန်း (၃)

## ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅။ ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့သည် လွှတ်တော်ကိုတာဝန်ခံရမည်။ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့၏ လုပ်ငန်းအခြေအနေများကို လွှတ်တော်သို့ အစီရင်ခံရမည်။ လွှတ်တော် အစည်းအဝေးကျင်းပသည့် ကာလမဟုတ်လျှင် နိုင်ငံတော်ကောင်စီကိုတာဝန်ခံရမည်။

၆။ ပြည်သူ့ ဥပဒေအကျိုးဆောင်အဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်—

(က) ဆိုရှယ်လစ်စနစ်ကို ကာကွယ်စောင့်ရှောက်ခြင်း၊

(ခ) လုပ်သား ပြည်သူတို့၏ ရပိုင်ခွင့်များနှင့် အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်း၊

(ဂ) နိုင်ငံတော်ကောင်စီနှင့် အခြားဗဟိုအာဏာပိုင်အဖွဲ့အစည်းများက ဥပဒေနှင့်ပတ်သက်၍ အကြံဉာဏ်များတောင်းခံလာလျှင် အကြံဉာဏ်များပေးခြင်း၊

(ဃ) ဗဟိုအာဏာပိုင်အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများနှင့် ဝန်ထမ်းအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်

များသည် ဥပဒေနှင့် မညီညွတ်ကြောင်းတွေ့ရှိပါက နိုင်ငံတော်ကောင်စီသို့တင်ပြခြင်း၊

(င) အခြေခံဥပဒေမှအပ အခြားဥပဒေများ၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်ကောင်စီက တောင်းခံသော အကြံဉာဏ်များပေးခြင်း၊

(စ) အဆင့်ဆင့်သော ဥပဒေရုံးနှင့် ဥပဒေဝန်ထမ်းများကို လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(ဆ) အဆင့်ဆင့်သောဥပဒေရုံးနှင့် ဥပဒေဝန်ထမ်းများကဥပဒေများကို လက်တွေ့ ကျင့်သုံးရာတွင် လိုက်နာရမည့် လမ်းညွှန်ချက်များ ထုတ်ပြန်ခြင်း၊

(ဇ) နိုင်ငံတော်ကောင်စီက အခါအားလျော်စွာ ပေးအပ်သည့် တာဝန်ထမ်းဆောင်ခြင်း။

၇။ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) ဗဟိုအာဏာပိုင်အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများက ထုတ်ပြန်သည့်အမိန့်၊ ညွှန်ကြားချက်၊ ဆုံးဖြတ်ချက်များသည် ဥပဒေနှင့်ညီညွတ်ခြင်းရှိ မရှိ စိစစ်ခြင်း၊

(ခ) ဥပဒေဖောက်ဖျက်ကျူးလွန်မှုများနှင့် ဖောက်ဖျက် ကျူးလွန်ရသည့်အကြောင်းရင်းများကိုဖော်ပြ၍ သက်ဆိုင်ရာဗဟိုအာဏာပိုင်အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများ၊ ဝန်ထမ်းအဖွဲ့အစည်းများအား အကြံဉာဏ်များပေးခြင်း၊

(ဂ) ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့် ဝန်ထမ်းအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များသည် ဥပဒေနှင့် မညီညွတ်ကြောင်းတွေ့ရှိပါက ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့သို့တင်ပြရန် ဥပဒေဝန်ထမ်းများအား ညွှန်ကြားခြင်း၊

(ဃ) တရားစီရင်ရေးအဖွဲ့များ၏ စီရင်ချက်၊ အမိန့်၊ ဆုံးဖြတ်ချက်နှင့် တရားရုံး၏ဆောင်ရွက်ချက်များသည် ဥပဒေနှင့်ညီညွတ်မှုရှိ မရှိကို စိစစ်ခြင်း၊

(င) တရားစီရင်ရေးအဖွဲ့များ၏ စီရင်ချက်၊ အမိန့်၊ ဆုံးဖြတ်ချက်သည် ဥပဒေနှင့်မညီညွတ်ကြောင်းတွေ့ရှိပါက ဥပဒေနှင့်အညီ အယူခံမှု တင်သွင်းရန်ဖြစ်စေ၊ ပြင်ဆင်မှုဖွင့်လှစ်ရန်တင်သွင်းခြင်းကို ဖြစ်စေ ဥပဒေဝန်ထမ်းများအား ညွှန်ကြားခြင်း၊

(စ) စောဒကမှုတင်သွင်းခြင်း။

(ဆ) အကျဉ်းစခန်းများ၊ ရဲဘက်စခန်းများ၊ ပြည်သူ့ရဲတပ်ဖွဲ့အချုပ်စခန်းများတွင် အပြစ်ကျမျာနှင့် အချုပ်ခံနေရသူများကို လိုအပ်သည့် အခါကြည့်ရှုခြင်း၊

(ဇ) အခြေခံ ဥပဒေနှင့်အညီ ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့က လွှတ်တော်သို့တင်သွင်းမည့် ဥပဒေကြမ်းများ၊ နည်းဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်ကောင်စီသို့တင်ပြခြင်း၊

(ဈ) ဥပဒေအရပေးအပ်သည့် အခြားလုပ်ပိုင်ခွင့်များကို ကျင့်သုံးခြင်း။

၈။ ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့သည် အခြေခံ ဥပဒေအရဖြစ်စေ၊ အခြားဥပဒေများအရဖြစ်စေ ရရှိခံစားထိုက်သောရပိုင်ခွင့်နှင့် အခွင့်အရေးများနှင့်စပ်လျဉ်း၍ နစ်နာဆုံးရှုံးရကြောင်း သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်က တရားဝင်တိုင်တမ်းလာလျှင် လက်ခံစိစစ်၍ ရပိုင်ခွင့်နှင့် အခွင့်အရေးများ နစ်နာဆုံးရှုံးကြောင်းတွေ့ရှိပါက၊ ယင်းရပိုင်ခွင့်နှင့် အခွင့်အရေးများကို တရားဝင်ခံစားပိုင်ခွင့် ရရှိရေးအတွက်ဖြစ်စေ၊ ကာကွယ်စောင့်ရှောက်ပေးရေး အတွက်ဖြစ်စေ သက်ဆိုင်ရာတို့နှင့်ညှိနှိုင်း၍ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်သည်။ လိုအပ်ပါက နိုင်ငံတော်ကောင်စီသို့တင်ပြနိုင်သည်။

၉။ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့သည် ဤအခန်း၌ ပြဋ္ဌာန်းထားသော တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာ၌ သက်ဆိုင်ရာဗဟိုအာဏာပိုင်အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ ဝန်ထမ်းအဖွဲ့ အစည်းများ၊ ပုဂ္ဂိုလ်များထံမှ လိုအပ်သည့်အမိန့်များ၊ ဆုံးဖြတ်ချက်များ၊ ညွှန်ကြားချက်များ၊ ဆောင်ရွက်ချက်များ၊ အမှုတွဲများနှင့် အခြား စာရွက်စာတမ်းများကို သော်လည်းကောင်း၊ အကြောင်းပြချက်များနှင့် ရှင်းလင်းချက်များကိုသော်လည်းကောင်း တောင်းဆို၍ စိစစ်ပိုင်ခွင့်ရှိသည်။ လိုအပ်ပါက သက်ဆိုင်ရာဝန်ထမ်းများကို ခေါ်ယူဆွေးနွေး မေးမြန်းနိုင်သည်။

# အခန်း (၄)

## ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ

၁၀။ ပြည်သူ့ဥပဒေ အကျိုးဆောင် အဖွဲ့ဝင်များသည် မိမိတို့အထဲမှ ဥက္ကဋ္ဌ တဦးကို ရွေးချယ်တင်မြှောက်ရမည်။

၁၁။ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့အား ဦးဆောင်မှုပေးခြင်း၊

(ခ) ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်ကို လမ်းညွှန်ခြင်း၊

(ဂ) ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့ အစည်းအဝေး အစီအစဉ်ကို အတည်ပြုခြင်း၊

(ဃ) ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့ အစည်းအဝေးများကိုခေါ်ယူ ကျင်းပခြင်း၊

(င) ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ အစည်းအဝေးများ၌ ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်၍ အစည်းအဝေးများကို ဦးဆောင်ခြင်း၊

(စ) ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့၏ လုပ်ငန်းအခြေအနေအရပ်ရပ်နှင့် ပြဿနာအသီးသီးကို နိုင်ငံတော်ကောင်စီသို့ အခါအားလျော်စွာ တင်ပြခြင်း၊

(ဆ) ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့မှ လွှတ်တော်သို့ တင်ပြရန်လိုအပ်သည့်ကိစ္စရပ်များကို အဖွဲ့ဝင်များနှင့် ညှိနှိုင်း၍ နိုင်ငံတော်ကောင်စီမှတဆင့် လွှတ်တော်သို့တင်ပြခြင်း။

၁၂။ (က) တစုံတခုသော အကြောင်းကြောင့်ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ ဥက္ကဋ္ဌနေရာ လစ်လပ်လျှင် အခြေခံဥပဒေပုဒ်မ ၁၁၁ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရွေးချယ်တင်မြှောက်ရမည်၊

(ခ) ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့ ဥက္ကဋ္ဌ အသစ်ရွေးချယ်တင်မြှောက်ခြင်းမပြုရသေးမီ အဖွဲ့ဥက္ကဋ္ဌ၏ တာဝန်ဝတ္တရားများကို အဖွဲ့ဝင်တဦးက ယာယီပူးတွဲထမ်းဆောင်ရန် ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့က တာဝန်ပေးအပ်ရမည်၊

(ဂ) ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌသည် အကြောင်း တစုံတရာကြောင့် မိမိတာဝန်ကို ယာယီထမ်းဆောင်နိုင်စွမ်းမရှိလျှင် ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့က တာဝန်ပေးသော အဖွဲ့ဝင်တဦးသည် အဖွဲ့ဥက္ကဋ္ဌ၏တာဝန်ကို ယာယီပူးတွဲ ထမ်းဆောင်ရမည်။

# အခန်း (၅)

## ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့ဝင်များ၏ တာဝန်များ၊ ကျင့်ဝတ်နှင့် စည်းကမ်းများ

၁၃။ ပြည်သူ့ဥပဒေအကျိုးဆောင် အဖွဲ့ဝင်များ၏တာဝန်များမှာအောက်ပါအတိုင်း ဖြစ်သည်—

(က) ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့က တာဝန်ယူရမည့် လုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ညှိနှိုင်းဆုံးဖြတ်၍ လုပ်ငန်းများကို လိုအပ်သလို ခွဲဝေတာဝန်ယူဆောင်ရွက်ခြင်း၊

(ခ) လုပ်ငန်းများကို ခွဲဝေတာဝန်ယူ ဆောင်ရွက်သော်လည်း ယင်းလုပ်ငန်းများနှင့် ပတ်သက်သောဆောင်ရွက်ချက်များ အတွက် အဖွဲ့ဝင်များ၌ စုပေါင်းဦးဆောင်မှု၊ စုပေါင်းတာဝန်ခံမှု မှုအရ တာဝန်ရှိခြင်း၊

(ဂ) ပြည်သူ့ဥပဒေအကျိုးဆောင် အဖွဲ့ဝင်များက မိမိတို့ တာဝန်ယူဆောင်ရွက်ရသော လုပ်ငန်းနှင့်ပတ်သက်သည့်ဆောင်ရွက်ချက်များကို အဖွဲ့၏အစည်းအဝေးများသို့ တင်ပြခြင်း၊

F. 13

(ဃ) ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့အစည်းအဝေးများ၌ဆွေးနွေးရမည့် ကိစ္စရပ်များနှင့် ချမှတ်ရမည့် ဆုံးဖြတ်ချက်များကို စဉ်ဆက်မပြတ်လေ့လာ၍ လိုအပ်သလို ပါဝင်တင်ပြခြင်း၊

(င) ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့မှ ပေးအပ်သော အခြားတာဝန်များကို ထမ်းဆောင်ခြင်း။

၁၄။ ပြည်သူ့ဥပဒေ အကျိုးဆောင် အဖွဲ့ဝင်များသည် အောက်ပါ ကျင့်ဝတ်နှင့် စည်းကမ်းများကို လိုက်နာစောင့်ထိန်းရမည်—

(က) နိုင်ငံတဝန်းလုံးနှင့် နိုင်ငံသားအားလုံး၏ အကျိုးစီးပွားကို ဦးတည်ဆောင်ရွက်ရမည်၊

(ခ) မိမိတို့၏ဆောင်ရွက်ချက်များကို ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့သို့ အစီရင်ခံရမည်၊

(ဂ) ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်များ၊အစည်းအဝေးမှတ်တမ်းများကို ထုတ်ပြန်ကြေညာခြင်း မပြုသေးသရွေ့ နိုင်ငံတော်၏ လျှို့ဝှက်ချက်များအဖြစ် ထိန်းသိမ်းစောင့်ရှောက်ရမည်၊

(ဃ) တာဝန် ထမ်းဆောင်ရာ၌ အဂတိမလိုက်စားပဲ ဖြောင့်မတ်တည်ကြည်စွာ ထမ်းဆောင်ရမည်၊

(င) မိမိတာဝန်သိက္ခာနှင့်အညီ ပြောဆို နေထိုင် ကျင့်ကြံရမည်။

၁၅။ (က) တစုံတခုသောအကြောင်းကြောင့် ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဝင်နေရာလစ်လပ်လျှင် အခြေခံဥပဒေပုဒ်မ ၁၁၁ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်နှင့် အညီ ရွေးချယ် တင်မြှောက်ရမည်၊

(ခ) ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဝင် တဦးဦးသည် အကြောင်းတစုံတရာကြောင့် မိမိ၏တာဝန်ကို ယာယီ ထမ်းဆောင်နိုင်စွမ်းမရှိလျှင် ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့က တာဝန်ပေးသော အဖွဲ့ဝင်တဦးက ယာယီပူးတွဲထမ်းဆောင်ရမည်။

# အခန်း (၆)

## ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ အစည်းအဝေးများ

၁၆။ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့၏ ပုံမှန်အစည်းအဝေးကို တလလျှင် အနည်းဆုံး ၂ ကြိမ် ကျင်းပရမည်။ အရေးကြီးသော ကိစ္စပေါ်ပေါက်၍ လိုအပ်လျှင် အထူးအစည်းအဝေးကို ခေါ်ယူကျင်းပနိုင်သည်။

၁၇။ (က) အစည်းအဝေးအစီအစဉ်ကို ဥက္ကဋ္ဌ၏ညွှန်ကြားချက်အရ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ရုံးမှ တင်ပြရမည်၊

(ခ) အစည်းအဝေးအစီအစဉ်တွင် ထည့်သွင်းလိုသောကိစ္စရပ်များကို အဖွဲ့ဝင်များက ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ရုံးသို့ ကြိုတင်အကြောင်းကြားခွင့်ရှိသည်။ယင်းအကြောင်းကြားချက်များကို ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် ထည့်သွင်းပေးရမည်။

၁၈။ ပြည်သူ့ဥပဒေအကျိုးဆောင် အဖွဲ့ဥက္ကဋ္ဌသည် ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့၏ အစည်းအဝေးများတွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်။

၁၉။ ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ အစည်းအဝေး မတက်ရောက်နိုင်ပါက ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဝင်တဦးအား အစည်းအဝေး ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ရန် ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့က တာဝန်ပေးရမည်။

၂၀။ (က) ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့ဝင်တဦးသည် အစည်းအဝေး မတက်ရောက်နိုင်ပါက ဥက္ကဋ္ဌထံကြိုတင်ခွင့်ပန်ရမည်၊

(ခ) ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့ဝင် ခုနစ်ဆယ့်ငါးရာခိုင်နှုန်း တက်ရောက်မှသာလျှင် အစည်းအဝေးအထမြောက်သည်၊

(ဂ) အစည်းအဝေး အထမြောက်ရန် လိုအပ်သည့် အဖွဲ့ဝင်ဦးရေ တက်ရောက်ခြင်းမရှိပါက အစည်းအဝေးကို ထပ်မံ ဖိတ်ခေါ် ကျင်းပရမည်။

၂၁။ အစည်းအဝေးဆုံးဖြတ်ချက်များကို အဖွဲ့ဝင်ထက်ဝက်ကျော်၏ သဘောတူညီချက်ဖြင့် ချမှတ်ရမည်။

၂၂။ အစည်းအဝေးဆုံးဖြတ်ချက်များကို လိုအပ်သလို မှတ်တမ်း တင်ထားရမည်။ အစည်းအဝေး မှတ်တမ်းများကို နောက်တကြိမ် အစည်းအဝေးတွင် တင်ပြ၍ အတည်ပြုချက်ရယူရမည်။

# အခန်း (၇)

## အဆင့်ဆင့်သော ဥပဒေရုံးနှင့် ဥပဒေဝန်ထမ်းများ ခန့်အပ်ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ

၂၃။ ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့သည် နိုင်ငံတော် ကောင်စီ၏ သဘောတူညီချက်ကိုရယူ၍ ဥပဒေဝန်ထမ်းအဖွဲ့အစည်း အဆင့်ဆင့်ကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။ ဥပဒေရုံးများတွင် လိုအပ်သော ဥပဒေဝန်ထမ်းများကို ဥပဒေနှင့်အညီ ခန့်အပ်နိုင်သည်။

၂၄။ ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင် အောက်ပါအတိုင်း ဥပဒေရုံးအဆင့်ဆင့်ကို ဖွဲ့စည်းထားရှိရမည်—

(က) ဗဟိုဥပဒေရုံး၊

(ခ) ပြည်နယ် ဥပဒေရုံး၊ တိုင်း ဥပဒေရုံး၊

(ဂ) မြို့နယ် ဥပဒေရုံး။

၂၅။ ဥပဒေဝန်ထမ်း အဆင့်ဆင့်သည် ပြည်သူ့ဥပဒေ အကျိုးဆောင်

အဖွဲ့၏ လမ်းညွှန်ကြီးကြပ်မှုကို ခံယူလျက် အောက်ပါလုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရမည်—

(က) သက်ဆိုင်ရာအဆင့်ရှိ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ ဝန်ထမ်းအဖွဲ့အစည်းများအား ဥပဒေနှင့်ပတ်သက်သည့် အကြံဉာဏ်ပေးခြင်း၊

(ခ) ပြစ်မှုဆိုင်ရာ ဥပဒေကျူးလွန်သူကိုစစ်ဆေးစီရင်ရာတွင် လိုက်ပါဆောင်ရွက်ခြင်း၊

(ဂ) နိုင်ငံတော်က တရားလို သို့မဟုတ် တရားပြိုင်အဖြစ်ပါဝင်သော တရားမမှုတွင် နိုင်ငံတော်ဘက်မှ လိုက်ပါဆောင်ရွက်ခြင်း၊

(ဃ) တရားစွဲဆိုရမည့်အမှုအတွက် ဥပဒေနှင့်ကိုက်ညီသောဆောင်ရွက်ချက်ဖြစ်စေရန် အကြံဉာဏ်ပေးခြင်း၊

(င) နိုင်ငံသားတဦးက မိမိရပိုင်ခွင့်နှင့် အခွင့်အရေး နစ်နာဆုံးရှုံးသည်ဟု တရားဝင်တိုင်တန်းလာလျှင် စိစစ်၍ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့မှ ညွှန်ကြား ထားချက်နှင့်အညီ လိုအပ်သလိုဆောင်ရွက်ခြင်း၊

(စ) တရားစီရင်ရေးအဖွဲ့၏ ပြစ်မှုဆိုင်ရာစီရင်ချက်၊ အမိန့်၊ ဆုံးဖြတ်ချက်သည် ဥပဒေနှင့်မညီညွတ်ကြောင်း တွေ့ရှိပါက ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့သို့ တင်ပြခြင်း၊

(ဆ) ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့က သတ်မှတ်ပေးသည့် အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

# အခန်း (၈)

## အထွေထွေ

၂၆။ (က) ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့၏ ရုံးလုပ်ငန်းအဝဝကိုတာဝန်ယူဆောင်ရွက်နိုင်စေရန် ပြည်သူ့ဥပဒေ အကျိုးဆောင် အဖွဲ့ရုံးကို ဖွဲ့စည်းထားရှိရမည်၊

(ခ) ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့ရုံး၏ ဖွဲ့စည်းပုံ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သီးခြားသတ်မှတ်ပေးရမည်။

၂၇။ ပြည်သူ့ဥပဒေအကျိုးဆောင် အဖွဲ့ဝင်များသည် နိုင်ငံတော်ကောင်စီ၏ သဘောတူညီချက်ဖြင့်သာ ပြည်ပသို့ခရီးသွားနိုင်ခွင့်ရှိသည်။

၂၈။ ပြည်သူ့ဥပဒေ အကျိုးဆောင် အဖွဲ့ဝင်များသည် မိမိတို့၏လစာ၊ စရိတ်ကြေးငွေနှင့် အခြားတရားဝင်ခံစားခွင့်များမှအပ၊ အခြား လစာ၊ စရိတ်ကြေးငွေများကို ခံစားခွင့်မရှိစေရ။ မိမိအတွက် အခြားအကျိုးအမြတ်ရရှိသည့် ရာထူးဌာနန္တရကိုလည်းကောင်း၊ စီးပွားရေးလုပ်ငန်းကိုလည်းကောင်း လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

၂၉။ ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့သည် ဤဥပဒေပါ ကိစ္စများကို ထမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ အခြေခံဥပဒေပုဒ်မ ၂၀၃

ပုဒ်မခွဲ(က) နှင့်အညီစည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို လိုအပ်သလိုထုတ်ပြန်နိုင်သည်။

၃၀။ ၁၉၄၇ ခုနှစ်၊ ရွှေနေချုပ်အက်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။